## ရာဇဝင်ချုပ် ပထမနှင့်ဒုတိယစာစောင်၊ ဧဇရ၊ နေဟမိနှင့် သေတာစာစောင်တို့ကို ကြည်လင်ပြတ်သားစွာ လေ့လာခြင်း

### အဓိကသော့ချက်များ

ဓမ္မဟောင်းကျမ်းရှိ သမိုင်းကြောင်းဆိုင်ရာ စာစောင်တစ်ဆယ်နှစ်စောင် (ယောရှု၊ တရားသူကြီးများ၊ ရုသ၊ ၁နှင့်၂ ရှမွေလ၊ ၁နှင့် ၂ဘုရင်များ၊ ၁နှင့်၂ ရာဇဝင်ချုပ်၊ ဧဇရ၊ နေဟမိနှင့် သေတာစာစောင်) တို့၏ ပင်ကိုမူလပုံဆောင်ချက်မှာ လူ၏သမိုင်းကြောင်းရှိ ဘုရားသခင်၏လှုပ်ရှားမှုသည် ကိုယ်တော်က လူဖြစ်လာခြင်းဖြင့် လူကို အသက်၌နှင့် သဘောသဘာဝ၌ (ကိုးကွယ်ခံအရာ၌ မဟုတ်ဘဲ) ဘုရားဖြစ်လာစေခြင်းအားဖြင့် ကိုယ်တော်၏ထာဝရစီမံကိန်းကို သယ်ဆောင်ရန် ဘုရားသခင်အတွက် လမ်းကို ပြင် ဆင်ပေးပြီး၊ ယင်းသည် ကိုယ်တော်၏အဆုံးစွန်ထင်ရှားခြင်းအတွက် ယေရုရှလင်မြို့သစ်ကို ပြီးမြောက်ပြည့်စုံစေရန် ခရစ်တော်၏ ကိုယ်ခန္ဓာတော်အဖြစ် အသင်းတော်ကို ထုတ်လုပ်ခြင်းနှင့်တည်ဆောက်ခြင်းအတွက် ဖြစ်ကြောင်း ဖွင့်ပြခြင်းဖြစ်သည်။

ဧဇရသည် အစ္စရေးလူတို့အား ကောင်းကင်ဆိုင်ရာသမ္မာတရားများဖြင့် ပြန်လည်စေ့စပ်ထုံးဖွဲ့ပေးခဲ့သည်၊ သခင်ဘုရား၏ပြန်လည်ရယူခြင်း၌ ကျွန်ုပ်တို့သည် ဘုရားသခင်ကို ဆက်သွယ်သောသူ၊ ဘုရားသခင်နှင့် ပျော်ဝင်ပြည့်ဝခြင်း ရှိသောသူ၊ ဘုရားသခင်နှင့် တစ်လုံးတစ်ဝဖြစ်သောသူ၊ ဘုရားသခင်နှင့် ရောနှောပေါင်းစည်းသောသူ၊ ဘုရားသခင်နှင့် ဖြည့်ခြင်းခံ သောသူ၊ ဘုရားသခင်၏နှုတ်ကပတ်တော်၌ ကျွမ်းကျင်လေ့ကျက်သောသူဖြစ်သည့် ယဇ်ပုရောဟိတ်ဆိုင်ရာ သွန်သင်သူများ တည်းဟူသော ဧဇရများကို လိုအပ်သည် - ထိုသို့သောသူများသည် ပြန်လည်ရယူခြင်း၌ သွန်သင်သူဖြစ်ရန် အရည်အချင်းရှိသော ပုဂ္ဂိုလ်မျိုးဖြစ်သည်။

ကျွန်ုပ်တို့သည် ခရစ်တော်အားဖြင့် အသက်ရှင်ရန်၊ ခရစ်တော်ကို အသက်ရှင်ထွက်ရန် လိုအပ်သည်၊ ထိုသို့ဖြင့် ခရစ်တော်ကို ကြီးမားထင်ရှားရမည်၊ သို့မှသာ ကျွန်ုပ်တို့သည် ဘုရားသခင်၏ထင်ရှားခြင်းအဖြစ် အသင်းတော်ကို တည်ဆောက်ခြင်း ရှိနိုင်မည်ဖြစ်သည်။ ဘုရားသခင်ကို ထင်ရှားရန်အလို့ငှာ ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏သတို့သားဖြစ်သော ခရစ်တော်ထံသို့ ကိုယ်တော်၏ စင်ကြယ်သော၊ ဘုန်းထင်ရှားသော၊ ဘုရားသခင်ကို ထင်ရှားစေသော သတို့သမီးအား ဆက်သခြင်းငှာ နှုတ်ကပတ်တော်၏ ရေ၌ ဆေးကြောခြင်းအားဖြင့် နေ့စဉ်တိုင်း သန့်ရှင်းစင်ကြယ်ခြင်းနှင့် အသစ်ပြုပြင်ခြင်းခံရန် လိုအပ်သည်။

ခရစ်တော်၏ကိုယ်ခန္ဓာတော်အဖြစ် အသင်းတော်ကို တည်ဆောက်ခြင်းအတွက် ဝိညာဉ်ရေးရာစစ်ပွဲကို မူအလေ့အလာလေးခုအတိုင်း သယ်ဆောင်ရန် လိုအပ်နေသည် - အသွေးအသားလက်နက်များကို အသုံးမပြုခြင်း၊ တက်ကြွခြင်း၏အဆင့်အနေအထားကို စောင့်ထိန်းခြင်း၊ ရန်သူ၏ ခံတပ်များကို ဖြိုချဖျက်ဆီးရန် တန်ခိုးကြီးမားလှသည့် ဝိညာဉ်ရေးရာလက်နက်များကို အသုံးပြုခြင်းနှင့် ဆုတောင်းခြင်းသည် စစ်ပွဲဖြစ်ကြောင်း နားလည်၍ ကောင်းကင်ဆိုင်ရာအဝန်းအဝိုင်း၌ ဘုရားသခင်၏ပလ္လင်တော်မှ စစ်ပွဲတိုက်ခိုက်သည့် ဆုတောင်းခြင်းကို မြွက်ဆိုခြင်းတို့ဖြစ်သည်။

*© 2022 Living Stream Ministry*

Message One

## ကိုယ်တော်၏ထာဝရစီမံကိန်း သယ်ဆောင်ပြီးမြောက်စေခြင်းအတွက်
## လူ၏သမိုင်းကြောင်း၌ရှိသော ဘုရားသခင်၏ လှုပ်ရှားမှု

ဖတ်ရန်ကျမ်း။ ။ ဇာ၊၁း၁၈-၂၁။ ၂း၁-၂၊ ၅၊ ၈-၉၊ ၁၁။ ၆း၁၂-၁၃။ ၁၀း၁၊ ၃၊ ၈၊ ၁၂။ ၁၁း၇။ ၁၂း၁၊ ၁၀။ ၁၄း၅၊ ၉

**I. ဓမ္မဟောင်းကျမ်းရှိ သမိုင်းကြောင်းဆိုင်ရာ စာစောင်တစ်ဆယ်နှစ်စောင် (ယောရှု၊ တရားသူကြီးများ၊ ရုသ၊ ၁နှင့်၂ ရှမွေလ၊ ၁နှင့်၂ဘုရင်များ၊ ၁နှင့်၂ ရာဇဝင်ချုပ်၊ ဧဇရ၊ နေဟမိနှင့် ဧသတာစာစောင်) တို့၏ ပင်ကိုမူလပုံဆောင်ချက်မှာ လူ၏သမိုင်းကြောင်းရှိ ဘုရားသခင်၏လှုပ်ရှားမှုသည် ကိုယ်တော်က လူဖြစ်လာခြင်းဖြင့် လူကို အသက်၌နှင့် သဘောသဘာဝ၌ (ကိုးကွယ်ခံအရာ၌ မဟုတ်ဘဲ) ဘုရားဖြစ်လာစေခြင်းအားဖြင့် ကိုယ်တော်၏ထာဝရစီမံကိန်းကို သယ်ဆောင်ရန် ဘုရားသခင်အတွက် လမ်းကို ပြင်ဆင်ပေးပြီး၊ ယင်းသည် ကိုယ်တော်၏အဆုံးစွန်ထင်ရှားခြင်းအတွက် ယေရုရှလင်မြို့သစ်ကို ပြီးမြောက်ပြည့်စုံစေရန် ခရစ်တော်၏ကိုယ်ခန္ဓာတော်အဖြစ် အသင်းတော်ကို ထုတ်လုပ်ခြင်းနှင့်တည်ဆောက်ခြင်းအတွက်ဖြစ်ကြောင်း ဖွင့်ပြခြင်းဖြစ်သည်။**

A. ကျွန်ုပ်တို့သည် ဓမ္မဟောင်းကျမ်းရှိ သမိုင်းကြောင်းစာစောင်တစ်ဆယ့်နှစ်စောင်ကို ဘုရားသခင်၏ထာဝရစီမံကိန်းနှင့် ချိတ်ဆက်ရမည်ဖြစ်သည်။ သမ္မာကျမ်းစာက တစ်ခုတည်းသောအရာ - ဘုရားသခင်၏ထာဝရစီမံကိန်းကိုသာ ပြောထားပြီး၊ ၎င်းသည် ကိုယ်တော်၏ ကောင်းသောကျေနပ်အားရရာ၊ ကိုယ်တော်၏စိတ်နှလုံးတော်အလိုဆန္ဒအပေါ် အခြေတည်ခြင်းဖြစ်သည် (ဧ၊၁း၄-၅၊ ၉-၁၀။ ၁တိ၊၁း၃-၄။ ၆း၃)။ ဤသမိုင်းကြောင်းစာစောင် တစ်ဆယ့်နှစ်စောင်သည် ကျွန်ုပ်တို့ကို နှိုးဆော်သတိပေးခြင်းနှင့် အလင်းထွန်းလင်းပေးခြင်းအတွက် ဘုရားသခင်၏ဘုရားဆိုင်ရာ ဖွင့်ပြခြင်း၌ ရေးသားခဲ့ခြင်းဖြစ်သည် (၁ကော၊၁၀း၁၁)။

B. ကိုယ်တော်ကို ပြန်ကြွလာစေမည့် ကိုယ်တော်၏သတို့သမီးဖြစ်စေဖို့ ကျွန်ုပ်တို့ကို ပြင်ဆင်ခြင်းငှာ ဘုရားသခင်၏ထာဝရစီမံကိန်း (ကိုယ်တော်၏ တရားရေးဆိုင်ရာရွေးနုတ်ခြင်းဖြစ်စဉ်နည်းလမ်းနှင့် အသက်ဆိုင်ရာ ကယ်တင်ခြင်း၏ ပန်းတိုင်နှင့်အတူ) ကို သယ်ဆောင်ခြင်းမှာ ယနေ့ လောကအခြေအနေ၏ ပြဿနာများအားလုံးကို ဖြေရှင်းရန် တစ်ခုတည်းသော နည်းလမ်းဖြစ်သည်။ ဤသည်မှာ ဘုရားသခင့်စိတ်နှလုံးတော်၏ အလိုဆန္ဒဖြစ်ပြီး၊ ကိုယ်တော်သည် ၎င်းကို ပြီးမြောက်ပြည့်စုံစေလိမ့်မည်ဖြစ်သည် - ရော၊၅း၁၀၊ ၁၇၊ ၂၁။ ၁သက်၊၅း၂၃-၂၄။ ဖိ၊၁း၃-၆။

C. သခင်ဘုရား၏ ဒုတိယအကြိမ်ကြွလာခြင်းသည် လောက၏ ပြဿနာများအားလုံး - မတရားမှု (ဟေရှာ၊၁၁း၄)၊ စစ်ပွဲ (၂း၄)၊ ဖျားနာခြင်း (ဗျာ၊၂၂း၂။ ယေဇ၊၄၇း၁၂)၊ အစာခေါင်းပါးခြင်း (ဟေရှာ၊၃၅း၁၊ ၆)၊ ပညာရေး (၂း၂-၅။ ၄း၂-၆။ ၁၁း၉။ ဟဗ၊၂း၁၄။ ဟေဗြဲ၊၈း၁၁။ ဆာ၊၂း၆၊ ၁၂)၊ အပြစ်ပြည့်ဝသော တည်ထောင်မှုများ (မ၊၁၃း၄၁-၄၃)၊ ဖန်ဆင်းခြင်းအားလုံး၏ ဒုက္ခခံစားရခြင်း (ရော၊၈း၂၁-၂၂။ ဟေရှာ၊၁၁း၆၊ ၉) နှင့် မြေကြီးဆိုင်ရာ အစိုးရများ (ဗျာ၊၁၁း၁၅။ ဒံ၊၂း၃၄-၃၅၊ ၄၄-၄၅) တို့ကို ဖြေရှင်းလိမ့်မည်ဖြစ်သည်။

**II. ဇာခရိစာစောင်က လူ၏သမိုင်းကြောင်း၌ ဘုရားသခင့်လှုပ်ရှားမှု၏ အရေးကြီးသောအချက်နှင့် အဓိကကျသော အကြောင်းအရာမှာ ယေရှု၏သက်သေခံချက်၊ ဘုရားသခင်၏တည်ဆောက်ခြင်းအတွက် ခရစ်တော်၏ နှစ်ကြိမ်ကြွလာခြင်းပင် ဖြစ်ကြောင်း ဖွင့်ပြထားသည်။**

A. ဇာခရိ ၉ မှ ၁၁ အထိတွင် ခရစ်တော်၏ နိမ့်ကျစွာ ပထမကြွလာခြင်း၊ နှိမ့်ချစွာ၊ ရင်းနှီးစွာ ကြွလာခြင်းကို ပြောထားသည်။

1. ခရစ်တော်သည် ဘုရားသခင့်လူများအတွက် ရှင်ဘုရင်အဖြစ် ကယ်တင်ခြင်းနှင့်အတူ ဖြောင့်မတ်သောနည်းလမ်း၌ ကြွလာခဲ့သည်၊ သို့သော် နိမ့်ကျသောရှင်ဘုရင်၊ နှိမ့်ချခံရသောရှင်ဘုရင်အဖြစ် ခမ်းနားထည်ဝါသော မြင်းပေါ် စီးခြင်းမဟုတ်ဘဲ၊ မြည်းမပေါ်မှာ၊ မြည်းကလေးပေါ်မှာ စီးလျက်ကြွလာခဲ့သည်။ ဤသည်မှာ ယေရှုခရစ်သည် ယေရုရှလင်မြို့ထဲသို့ နောက်ဆုံးအကြိမ် ကြွလာသောအခါ ပြီးပြည့်စုံခဲ့သည် - ဇာ၊၉း၉။ မ၊၂၁း၅-၁၀။

2. ခရစ်တော်သည် ကိုယ်တော်၏တပည့်တော်များမှတစ်ဦးအားဖြင့် ကျေးကျွန်၏တန်ဖိုးဖြစ်သည့် ငွေအသပြာသုံးဆယ်အတွက် မုန်းတီးစက်ဆုပ်ခြင်း၊ တိုက်ခိုက်ခြင်း၊ ငြင်းပယ်ခြင်း၊ သစ္စာဖောက်ခြင်း ခံခဲ့ရသည် (ဇာ၊၁၁း၈၊ ၁၂-၁၃။ ထွ၊

၂း၃၂)။ ဤနေရာတွင် ပရောက်ပြုထားသည့်အရာမှာ ဧဝံဂေလိကျမ်းများ၌ ပြီးမြောက်ပြည့်စုံခဲ့သည် (မ၊၂၆း၁၄-၁၅။ ၂၇း၃-၁၀)။

3. ယေဟောဝါ၏ အပေါင်းအဖော်ဖြစ်သော ခရစ်တော်သည် အစ္စရေးအမျိုးသားတို့ထံ ဘုရားသခင်စေလွှတ်သော သိုးထိန်းဖြစ်သည်။ လူတစ်ဦးအဖြစ် ခရစ်တော်သည် အစ္စရေးအမျိုးသား၏ဆွေမျိုးနှင့် ယေဟောဝါ၏အပေါင်းအဖော်နှစ်ခုလုံးဖြစ်သည်။ ကိုယ်တော်သည် သိုးထိန်းအဖြစ် ရိုက်ခြင်းခံရပြီး၊ တပည့်တော်များသည် သိုးများကဲ့သို့ ကွဲလွင့်သွားခဲ့ကြသည် - ဇာ၊၁၃း၆-၇။ ယော၊၁၀း၁၁။ မ၊၉း၃၆။ ၂၆း၃၁။ ယော၊၁၆း၃၂-၃၃။

4. ခရစ်တော်သည် အစ္စရေးအိမ်တော်၌ ကားတိုင်ပေါ်တွင် ဒဏ်ရာ ရခဲ့သည်၊ သို့သော် ကိုယ်တော်က "ငါ့ကို ချစ်သောသူတို့အိမ်၌ ခံရသောဒဏ်ရာ"ဟူ၍သာ ပြောခဲ့သည်။ အစ္စရေးအမျိုးသားတို့သည် ခရစ်တော်ကို သတ်ခဲ့ကြသည်၊ သို့သော် ဤချိုမြိန်သောစကား၌ ခရစ်တော်သည် သူတို့၏အပြုအမူကို ကိုယ်တော်ကိုချစ်သောသူတို့ထံမှ ရခဲ့သော ဒဏ်ရာအဖြစ်သာ ရေတွက်ခဲ့သည် - ဇာ၊၁၃း၆-၇။ ၁၂း၁၀။ ဗျာ၊၁း၇။ ဆာ၊၂၂း၁၆။

5. ခရစ်တော်၏ နံဘေးတော်သည် ထိုးဖောက်ခံရပြီး၊ ကိုယ်တော်သည် အပြစ်အတွက်၊ မစင်ကြယ်ခြင်းအတွက် ဖွင့်ထားသော စမ်းရေတွင်းဖြစ်လာခဲ့သည် - ဇာ၊၁၂း၁၀။ ၁၃း၁။ ယော၊၁၉း၃၄၊ ၃၇။ မ၊၂၆း၂၈။

B. ဇာခရိ ၁၂ မှ ၁၄ အထိတွင် ခရစ်တော်၏ အောင်မြင်သော ဒုတိယအကြိမ်ကြွလာခြင်းကို ပြောထားပြီး၊ ယင်းမှာ တန်ခိုးနှင့် အခွင့်အာဏာနှင့် ကြွလာခြင်းဖြစ်လိမ့်မည်။

1. ခရစ်တော်သည် ကိုယ်တော်၏သန့်ရှင်းသူများ၊ အောင်မြင်သောသူများအားဖြင့် အတူလိုက်ပါလျက် ဒုတိယအကြိမ်ပြန်ကြွလာမည်ဖြစ်သည် - ၁၄း၅။ ယောလ၊၃း၁၁။ ယု၊၁၄။

2. ကိုယ်တော်၏ခြေတော်သည် သံလွင်တောင်ပေါ်မှာ နင်းတော်မူမည်၊ ယင်းသည် ယေရုရှလင်မြို့အရှေ့ဘက်တွင် တည်ရှိသည် - ဇာ၊၁၄း၄။ တ၊၁း၉-၁၂။

3. ကိုယ်တော်သည် ကိုယ်တော်၏ရွေးချယ်ခံလူများဖြစ်သည့် အစ္စရေးအမျိုးသားတို့အတွက် သူတို့ကို ဝိုင်းထားသည့် တစ်ပါးအမျိုးသားတို့ကို ဆန့်ကျင်တိုက်ခိုက်လိမ့်မည်ဖြစ်ပြီး၊ ဖျက်ဆီးခံရခြင်းမှ သူတို့ကို ကယ်တင်လိမ့်မည်ဖြစ်သည် - ဇာ၊၁၄း၂-၃၊ ၁၂-၁၅။ ၁၂း၁-၉။

4. ထိုအချိန်တွင် အစ္စရေးအိမ်တော်တစ်ခုလုံးသည် သူတို့ ထိုးဖောက်ခဲ့ကြသော ကိုယ်တော်ကို မျှော်ကြည့်ကြမည်ဖြစ်ပြီး၊ သူတို့သည် ကိုယ်တော်အတွက် ငိုကြွေးမြည်တမ်းကြလိမ့်မည်ဖြစ်သည်။ ထို့ကြောင့် အစ္စရေးလူအားလုံးသည် ကယ်တင်ခံရလိမ့်မည်ဖြစ်သည် - အငယ်၊၁၀-၁၄။ ရော၊၁၁း၂၆။

5. တစ်ဆက်တည်းမှာပင် ကိုယ်တော်သည် လူမျိုးများအပေါ် စိုးစံ၍၊ အုပ်စိုးမည့် ရှင်ဘုရင်ဖြစ်လိမ့်မည်။ လူများအားလုံးသည် ကိုယ်တော်ကို ကိုးကွယ်ရန် တစ်နှစ်ပြီးတစ်နှစ် ယေရုရှလင်မြို့သို့ တက်သွားကြလိမ့်မည်၊ သူတို့အားလုံးသည် ကိုယ်တော်ထံသို့ သန့်ရှင်းစင်ကြယ်ခြင်းရှိလိမ့်မည်ဖြစ်သည် - ဇာ၊၉း၁၀။ ၁၄း၁၆-၂၁။

6. "ယေဟောဝါသည် မြေကြီးတစ်ပြင်လုံးတွင် ရှင်ဘုရင်ဖြစ်တော်မူမည်။ ထိုနေ့ရက်၌ ယေဟောဝါသည် တစ်ပါးတည်းသော ဘုရားသခင်ဖြစ်၍၊ ကိုယ်တော်၏ နာမတော်သည် တစ်ပါးတည်းသောနာမ ဖြစ်တော်မူမည်" – အငယ်၊၉။ ဆာ၊၇၂း၈။ ဗျာ၊၁၁း၁၅။

**III. အရာအားလုံးပါဝင်သော ခရစ်တော်သည် ဘုရားသခင်၏ထင်ရှားပေါ်ထွန်းခြင်းအတွက် ဘုရားသခင်၏ တည်ဆောက်ခြင်းကို ရရှိရန်အလို့ငှာ လူ၏သမိုင်းကြောင်း၌ ဘုရားသခင့်လှုပ်ရှားမှု၏ သမိုင်းကြောင်းဖြစ်သည် - ဇာ၊၄း၉။ ၆း၁၂-၁၅။ မ၊၁၆း၁၈။ ယော၊၁း၁၊ ၁၄။ ၁ကော၊၁၅း၄၅ခ။ ဗျာ၊၄း၅။ ၅း၆။ ၂၁း၂။**

A. ခရစ်တော်သည် လူသားသမိုင်းရှိ လောက၏အခြေအနေကို အုပ်စိုးမှုရှိစွာ ထိန်းချုပ်ရန် ကျွမ်းကျင်လိမ္မာစွာဖြင့် လုပ်ဆောင်နေစဉ်၊ ကိုယ်တော်သည် ကျွန်ုပ်တို့အား ကိုယ်တော်၏ အကန့်အသတ်မဲ့ ပညာတော်နှင့် ဘုရားဆိုင်ရာပုံစံဒီဇိုင်းကို ထင်ရှားစေသည့် ကိုယ်တော့်အလုပ်၏ အကောင်းဆုံးလက်ရာမွန်၊ ဘုရားသခင်၏ကဗျာ၊ ဘုရားသခင်၏အသစ်သော တီထွင်မှုဖြစ်

စေရန် ဘုရားဆိုင်ရာသမိုင်း၌ ကျွန်ုပ်တို့အထဲသို့ မိမိကိုယ်တော်တိုင်ကို ကျွမ်းကျင်လိမ္မာစွာ လုပ်ဆောင်နေသည် - တ၊ ၅း၃၁။ ဧ၊၂း၁၀။

B. ကိုယ်တော်၏လူသားဇာတိ၌ ခရစ်တော်သည် ယေဟောဝါ၏ကောင်းကင်တမန်တော်ဖြစ်ပြီး၊ ယေဟောဝါကိုယ်တော်တိုင်သည် သုံးပါးတစ်ပါးဘုရားအဖြစ် ဘုရားသခင်၏လူများနှင့်အတူ သူတို့၏နှိမ့်ချခံရခြင်း၌ သူတို့ကို ဂရုစိုက်ရန်၊ သူတို့အဖို့ ကြားခံတောင်းလျှောက်ရန်၊ သူတို့ကို ဗာဗုလုန်၏ဖမ်းဆီးသိမ်းသွားခံရခြင်းမှ အလျင်အမြန် ခေါ်ထုတ်ရန် ချိုင့်ဝှမ်း၏အနိမ့်ဆုံးအပိုင်း၌ သူတို့နှင့်အတူ ရပ်တည်ပေးနေသည် - ဇာ၁း၇-၁၇။ ထွ၊၃း၂၊ ၄-၆၊ ၁၃-၁၅။ ဟေရှာ၆၃း၉။ တရား၃၃း၂၇။

C. ခရစ်တော်သည် ဘုရားသခင်က ချိုလေးချောင်းကို ချိုးဖျက်ရန် အသုံးပြုသည့် နောက်ဆုံးသော လက်မှုပညာသည်ဖြစ်သည်။ ထိုချိုလေးချောင်းမှာ နိုင်ငံလေးခုနှင့် ၎င်းတို့၏ရှင်ဘုရင်များ - ဗာဗုလုန်၊ မီဒိုပါရှား၊ ဂရိနှင့် ရောမအင်ပါယာ-တို့ဖြစ်ပြီး၊ ယင်းကို ဒံယေလ ၂း၃၁-၃၃ ရှိ အပိုင်းလေးပိုင်းရှိသော လူသားရုပ်တုကြီး၊ ယောလ ၁း၄ ရှိ ကျိုင်းကောင်များ၏ အဆင့်လေးဆင့်၊ ဒံယေလ ၇း၃-၈ ရှိ သားရဲလေးကောင်တို့အားဖြင့် ပုံဆောင်ထားကာ၊ ယင်းတို့သည် ဘုရားသခင်၏ ရွေးချယ်ခံလူများကို ပျက်စီးစေသော၊ ဖျက်ဆီးသောသူများဖြစ်ကြသည် - ဇာ၁း၁၈-၂၁။

1. လက်မှုပညာသည်လေးဦးမှာ ဤနိုင်ငံများနှင့် ၎င်းတို့၏ရှင်ဘုရင်များကို ဖျက်ဆီးရန် ဘုရားသခင်အသုံးပြုသည့် ကျွမ်းကျင်လိမ္မာမှုများဖြစ်သည်။ ပထမနိုင်ငံသုံးနိုင်ငံ (ဗာဗုလုန်၊ မီဒိုပါရှား၊ ဂရိ) အသီးသီးတို့မှာ ၎င်းတို့နောက်လိုက်လာသည့် နိုင်ငံအသီးသီးအားဖြင့် ကျွမ်းကျင်လိမ္မာသောနည်းလမ်း၌ သိမ်းပိုက်လွှမ်းမိုးခံရကြသည် - ဒံ၅။ ၈း၃-၇။
2. စတုတ္ထ လက်မှုပညာသည်မှာ လက်ဖြင့်မထုမလုပ်ထားသော ကျောက်အဖြစ် ခရစ်တော်ဖြစ်လိမ့်မည်ဖြစ်ပြီး၊ ကိုယ်တော်ပြန်ကြွလာချိန်၌ ပြန်လည်ထူထောင်သော ရောမအင်ပါယာကို ချိုးဖဲ့ဖျက်ဆီး၍၊ လူသားအစိုးရစုစုပေါင်းအဖြစ် လူသားရုပ်တုကြီးကို ထိုသို့ ချိုးဖဲ့ဖျက်ဆီးလိမ့်မည်ဖြစ်သည် - ၂း၃၁-၃၅။
3. ဤကျောက်သည် တစ်ဦးချင်းဆိုင်ရာခရစ်တော်ကိုသာမက၊ စုပေါင်းထားသော ခရစ်တော်၊ ခရစ်တော်နှင့်အတူ ကိုယ်တော်၏ "ခွန်အားကြီးသောသူများ"ကိုလည်း ရည်ညွှန်းသည် - ယောလ၊၃း၁၁။

D. စုပေါင်းထားသော ခရစ်တော်၊ ခရစ်တော်နှင့်အတူ ကိုယ်တော်၏ အောင်မြင်သော သတို့သမီးသည် ဘုရားသခင်၏နိုင်ငံတော်ကို ယူဆောင်လာရန်အလို့ငှာ လူသားအစိုးရစုစုပေါင်းကို ချိုးဖဲ့ဖျက်ဆီးမည့် ကျောက်အဖြစ် ကြွလာလိမ့်မည်ဖြစ်သည် - ဒံ၊၂း၃၄-၃၅။ ယောလ၊၃း၁၁။ ဗျာ၊၁၉း၁၁-၂၁။ ညွှန်း၊ က၊၁း၂၆။

E. ဒံယေလ ၂ သည် လက်ဖြင့်မထုမလုပ်သော ကျောက်အဖြစ် ခရစ်တော်ကြွလာခြင်းကို ပြောထားပြီး၊ ဗျာဒိတ် ၁၉ သည် ကိုယ်တော်၏စစ်တပ်အဖြစ် သူ၏သတို့သမီးကို ရရှိထားသောသူအဖြစ် ခရစ်တော်ကြွလာခြင်းကို ပြောထားသည်။

**IV. ဧဖက် ၅ နှင့် ၆ သည် အသင်းတော်ကို သတို့သမီးနှင့် စစ်သူရဲနှစ်ခုလုံးအဖြစ် ဖွင့်ပြထားသည်။ ဗျာဒိတ် ၁၉ ၌လည်း အသင်းတော်၏ ဤသွင်ပြင်နှစ်ခုလုံးကို တွေ့ရသည် - ဧ၅း၂၅-၂၇။ ၆း၁၀-၂၀။ ဗျာ၊၁၉း၇-၉၊ ၁၁၊ ၁၄။**

A. လူ၏သမိုင်းကြောင်း၌ ဘုရားသခင်၏လှုပ်ရှားမှု ဘုရားဆိုင်ရာသမိုင်း၌ သတို့သမီးဖြစ်ရန် ကျွန်ုပ်တို့သည် ဘုရားသခင်၏ အလှပြင်ပေးသော နှုတ်ကပတ်တော်ကို လိုအပ်ပြီး၊ လူ၏သမိုင်းကြောင်း၌ ဘုရားသခင်၏လှုပ်ရှားမှု ဘုရားဆိုင်ရာသမိုင်းကြောင်း၌ စစ်သူရဲဖြစ်ရန် ကျွန်ုပ်တို့သည် ဘုရားသခင်၏ သတ်ဖြတ်သော နှုတ်ကပတ်တော်ကို လိုအပ်သည် - ဧ၊၅း၂၆။ ၆း၁၇-၁၈။ ညွှန်း၊ ၂တိ၊၃း၁၆။

B. ကိုယ်တော်၏မင်္ဂလာဆောင်ရာနေ့တွင် ခရစ်တော်သည် သူ၏သတို့သမီးဖြစ်သည့် အောင်မြင်သောသူများ၊ နှစ်ပေါင်းများစွာ ဘုရားသခင်၏ရန်သူကို ဆန့်ကျင်စစ်ပွဲတိုက်ခိုက်သောသူများကို လက်ထပ်လိမ့်မည်ဖြစ်သည် - ညွှန်း၊ ဒံ၊၇း၂၅။ ၆း၁၀။ ဧ၊၆း၁၂။

C. ခရစ်တော်သည် အန္တိခရစ်နှင့် လူသားအစိုးရစုစုပေါင်းကို ဆက်ဆံဖြေရှင်းရန် မြေကြီးသို့ ဆင်းကြွလာခြင်းမရှိမီ၊ ကိုယ်တော်သည် မိမိကိုယ်တော်တိုင်ထံသို့ အောင်မြင်သောသူများကို ထုံးဖွဲ့မှုတစ်ခုအဖြစ် ပေါင်းစည်းခြင်း၊ မင်္ဂလာဆောင်ခြင်း ရှိလိမ့်မည်ဖြစ်သည် - ဗျာ၊၁၉း၇-၉။

D. ထို့ကြောင့် အဆင့်ဆင့်ဖြတ်ကျော်ကာ ပြီးမြောက်ပြည့်စုံသည့် သုံးပါးတစ်ပါးဘုရားဖြစ်သော ဝိညာဉ်တော်အဖြစ် ခရစ်တော်သည် အဆင့်ဆင့်ဖြတ်ကျော်ကာ ပုံသဏ္ဌာန်ပြောင်းလဲသည့် သုံးပိုင်းရှိသောလူဖြစ်သော သတို့သမီးအဖြစ် အသင်းတော်ကို လက်ထပ်ခြင်းဖြစ်သည် - ၂၂း၁၇က။

E. မင်္ဂလာဆောင်ပွဲပြီးနောက် ကိုယ်တော်သည် ကိုယ်တော်၏လက်ထပ်ပြီးခါစ သတို့သမီးနှင့်အတူ ကြွလာ၍ ဘုရားသခင်ကို တိုက်ရိုက် ဆန့်ကျင်တိုက်ခိုက်မည့် အန္တိခရစ်နှင့် သူ၏စစ်တပ်ကို ဖျက်ဆီးလိမ့်မည်ဖြစ်သည် - ၁၉း၁၁၊ ၁၄။

1. ဘုရားသခင်၏နှုတ်ကပတ်တော်ဖြစ်သော သခင်ယေရှုသည် အဓမ္မလူဖြစ်သော အန္တိခရစ်ကို ကိုယ်တော်၏နှုတ်တော်ထွက်လေအားဖြင့် သတ်ဖြတ်မည်ဖြစ်ပြီး၊ ကိုယ်တော်ကြွလာခြင်း၏ထင်ရှားပေါ်ထွန်းခြင်းအားဖြင့် အန္တိခရစ်ကို ဘာမျှမရှိ ဖြစ်စေလိမ့်မည်ဖြစ်သည် - အငယ်၊၁၁-၁၅။ ၂သက်၊၂း၂-၈။

2. ခရစ်တော်၏နှုတ်တော်မှ ထက်သောဓားထွက်လာ၍၊ ယင်းသည် လူမျိုးအပေါင်းတို့ကို ရိုက်ချိုးတော်မူမည်ဖြစ်သည် - ဗျာ၊၁၉း၁၅။ ၁း၁၆။ ၂း၁၊ ၁၆။

F. လူသားအစိုးရကို ချိုးဖဲ့ဖျက်ဆီးပြီးနောက် ဘုရားသခင်သည် စကြဝဠာတစ်ခုလုံးကို ရှင်းလင်းလိမ့်မည်ဖြစ်သည်။ ထိုနောက် စုပေါင်းထားသော ခရစ်တော်ဖြစ်သည့် ခရစ်တော်နှင့် သူ၏အောင်မြင်သောသူများသည် မြေကြီးတစ်ပြင်လုံးကို ဖုံးလွှမ်းမည့် ကြီးမားသောတောင်ကြီးဖြစ်လာကာ၊ မြေကြီးတစ်ပြင်လုံးကို ဘုရားသခင်၏နိုင်ငံတော်ဖြစ်စေလိမ့်မည်ဖြစ်သည် - ဒံ၊၂း၃၅၊ ၄၄။ ၇း၂၂၊ ၂၇။ ဗျာ၊၁၁း၁၅။

V. **ကိုယ်တော်၏ထာဝရစီမံကိန်းကို သယ်ဆောင်ရန်အတွက် လူ၏သမိုင်း၌ ဘုရားသခင်၏လှုပ်ရှားမှုကို ပြီးမြောက်စေရန် နည်းလမ်းမှာ ကျွန်ုပ်တို့၏ဝိညာဉ်ကို လေ့ကျင့်၍ ခရစ်တော်ကို အရှိန်ခုနစ်ဆမြှင့်တင်ထားသော ဝိညာဉ်တော်အဖြစ် တွေ့ကြုံခံစားခြင်းနှင့် မွေ့လျော်ဝမ်းမြောက်ခြင်းအားဖြင့် ဖြစ်သည် - ၁း၁၀။ ၄း၂။ ၁၇း၃။ ၂၁း၁၀။ ၄း၅။ ၅း၆။ ဇာ၊၃း၉။ ၄း၁၀။**

A. ဇာခရိ ၁၂း၁ တွင် "အစ္စရေးအမျိုးနှင့်စပ်လျဉ်း၍ ယေဟောဝါ၏နှုတ်ကပတ်တော်ဝန်တာ။ ကောင်းကင်များကို ကြက်လျက်၊ မြေကြီးတိုက်မြစ်တို့ကို ချလျက်၊ လူအတွင်း၌ လူ၏ဝိညာဉ်ကို ပုံသွင်းလျက် ရှိတော်မူသော ယေဟောဝါ မိန့်တော်မူသည်ကား" ဟုပြောထားသည်။

1. ကိုယ်တော်၏ဖန်ဆင်းခြင်း၌ ဘုရားသခင်သည် အရေးကြီးသော၊ အညီအမျှ အရေးပါသော အရာသုံးခု - ကောင်းကင်များ၊ မြေကြီးနှင့် လူ၏ဝိညာဉ် တို့ကို ပြုလုပ်ခဲ့သည်။

2. ကောင်းကင်များသည် မြေကြီးအတွက်ဖြစ်ပြီး၊ မြေကြီးသည် လူအတွက်ဖြစ်ကာ၊ လူသည် ဘုရားသခင်က ဝိညာဉ်နှင့်အတူ ဖန်ဆင်းထား၍၊ သူသည် ဘုရားသခင်ကို ဆက်သွယ်ရန်၊ ဘုရားသခင်ကို လက်ခံရရှိရန် ဘုရားသခင်ကို ကိုးကွယ်ရန်၊ ဘုရားသခင်ကို အသက်ရှင်ရန်၊ ဘုရားသခင်အတွက် ဘုရားသခင်၏အကြံအစည်ကို ပြည့်စုံစေရန်နှင့် ဘုရားသခင်နှင့် တစ်လုံးတစ်ဝဖြစ်ရန် ဖြစ်သည် - အငယ်၊၁။

3. လူသားဖြစ်ခြင်း၏ အလယ်ဗဟိုအုပ်စိုးမှုနှင့် အရေးအပါဆုံးသောအပိုင်းမှာ သူ၏ဝိညာဉ်ဖြစ်သင့်သည်။ မိမိ၏ဝိညာဉ်အားဖြင့် အုပ်စိုးခြင်းနှင့် ထိန်းချုပ်ခြင်းခံရသောလူသည် ဝိညာဉ်ဆိုင်ရာလူဖြစ်သည် - ၁ကော၊၂း၁၄-၁၅။ ၃း၁။ ၁၄း၃၂။ ယော၊၃း၆။ ဧ၊၃း၁၆။ ၁ပေ၊၃း၄။ ဒံ၊၆း၃၊ ၁၀။

4. ဇာခရိက ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏လူသားဝိညာဉ်ကို အပြည့်အဝအလေးထားရန် တိုက်တွန်းထားသည်၊ သို့မှသာ ကျွန်ုပ်တို့သည် ဤစာစောင်၌ ဖွင့်ပြထားသည့် ခရစ်တော်ကို ရရှိပြီး၊ ကိုယ်တော်နှင့်စပ်လျဉ်း၍ ၎င်းတွင် ဖွင့်ပြထားသောအရာအားလုံးကို နားလည်ခြင်းရှိနိုင်မည်ဖြစ်သည် - က၊၂း၇။ ယော၊၄း၂၄။ ဖိ၊၄း၂၃။

B. ကျွန်ုပ်တို့သည် ခရစ်တော်ကို အရှိန်ခုနစ်ဆမြှင့်တင်ထားသော ဝိညာဉ်တော်အဖြစ် အောက်ဖော်ပြပါ သွင်ပြင်များ၌ မွေ့လျော်ဝမ်းမြောက်ရန် လိုအပ်သည်။

1. ခရစ်တော်သည် လက်တော်၌ တိုင်းစရာကြိုးကိုကိုင်ထားသောလူတစ်ဦးဖြစ်ပြီး၊ ကိုယ်တော်၏နိုင်ငံတော်အတွက် ဘုရား၏လူများကို စမ်းသပ်ရန်၊ စီရင်ရန်၊ စစ်ဆေးရန်နှင့် ပိုင်ဆိုင်ရန် တိုင်းတာတော်မူသည် - ဇာ၊၂း၁-၂။ ယေဇ၊၄၀း၃။ ၄၇း၁-၅။ ဆာ၊၁၃၉း၂၃-၂၄။

2. “ငါသည် မြို့ကို ကာသော မီးမြို့ရိုးဖြစ်မည်။ မြို့အလယ်၌လည်း ငါသည် မြို့၏ဘုန်းအသရေဖြစ်မည်ဟု ယေဟောဝါ မိန့်တော်မူ၏” – ဇာ၊၂း၅။
   a. ယေရုရှလင်မြို့တော်၏ မြို့ရိုးနှင့် သူမအတွင်းရှိ ဘုန်းအသရေသည် ယေဟောဝါကိုယ်တော်တိုင်ဖြစ်ခြင်းမှာ ယေဟောဝါအဖြစ် ခရစ်တော်သည် ယေရုရှလင်မြို့၏ အဝန်းအဝိုင်း၌ ကွယ်ကာရာနှင့် သူမ၏အလယ်ဗဟို၌ ဘုန်းအသရေဖြစ်လိမ့်မည်ဖြစ်ကြောင်း ရည်ညွှန်းသည်။ ဤသည်မှာ ခရစ်တော်သည် ဘုရားသခင်၏စီမံကိန်း၌ အလယ်ဗဟိုဆိုင်ရာနှင့် စကြဝဠာဆိုင်ရာဖြစ်ခြင်းကို ပြသနေသည်။
   b. ယနေ့ ခရစ်တော်သည် အသင်းတော်၏ အလယ်ဗဟို၌ ဘုန်းအသရေဖြစ်ပြီး၊ ကိုယ်တော်သည် အသင်းတော်၏ ပတ်လည်၌ သူမ၏ကွယ်ကာရာအတွက် လောင်ကျွမ်းသောမီးလည်း ဖြစ်သည်။ ယေရုရှလင်မြို့သစ်၌ ခရစ်တော်၌ သုံးပါးတစ်ပါးဘုရားသည် ၎င်း၏အလယ်ဗဟို၌ ဘုန်းအသရေဖြစ်ကာ (ဗျာ၊၂၁း၂၃။ ၂၂း၁၊ ၅)၊ ဤဘုန်းအသရေသည် မြို့တော်၏ ထွင်းဖောက်မြင်နိုင်သော မြို့ရိုးတစ်လျှောက် ၎င်း၏ကွယ်ကာရာမီးအဖြစ် ထွန်းလင်းနေလိမ့်မည်ဖြစ်သည် (၂၁း၁၁၊ ၁၈၊ ၂၄)။
3. ခရစ်တော်သည် ဗိုလ်ခြေတို့၏အရှင် ယေဟောဝါအားဖြင့် စေလွှတ်ခံရသူနှင့် စေလွှတ်သူ ဗိုလ်ခြေတို့၏အရှင် ယေဟောဝါလည်း ဖြစ်တော်မူသည်၊ ယင်းမှာ ကိုယ်တော်ထံ လွန်စွာ ချစ်ဖွယ်ကောင်းသော ကိုယ်တော်၏လူများကို ဂရုစိုက်ခြင်းအတွက်ဖြစ်သည်။ သူတို့ကို ထိတွေ့သောသူတို့သည် ကိုယ်တော်၏မျက်ဆန်တော်ကို ထိတွေ့ခြင်းဖြစ်သည် - ဇာ၊၂း၈-၉၊ ၁၁။ ညွှန်း၊ ယော၊၁၄း၂၆။ ၁၅း၂၆။
4. ခရစ်တော်သည် သိုးထိန်းအဖြစ် ကြွလာခဲ့ပြီး၊ တောင်ဝှေးနှစ်စင်းဖြင့် သိုးစုကို ထိန်းကျောင်းနေသည် - တောင်ဝှေး တစ်စင်းမှာ ကျေးဇူး (ကျေးဇူးတော်)ဟု ခေါ်၍၊ နောက်တစ်စင်းမှာ အနှောင်အဖွဲ့ (ချည်နှောင်ခြင်း)ဟု ခေါ်သည်။ ကျေးဇူးတော်သည် ကျွန်ုပ်တို့ဖြစ်ခြင်းကို ဘုရားသခင်ဖြင့် ရောနှောပေါင်းစည်းခြင်းအတွက်ဖြစ်ပြီး၊ ချည်နှောင်ခြင်းသည် ကျွန်ုပ်တို့ တစ်လုံးတစ်ဝဖြစ်ခြင်းအထဲသို့ ချည်နှောင်ခံရခြင်းအတွက်ဖြစ်သည် - ဇာ၊၁၁း၇။ ၂း၁-၂၊ ၅၊ ၈-၉၊ ၁၁။ ယော၊၂၁း၁၅-၁၇။
   a. သခင်ဘုရားသည် ကျွန်ုပ်တို့ထံ ကျေးဇူးပြုလျက်နေစဉ် ကျွန်ုပ်တို့အား နောက်ထပ်ပို၍ ကျေးဇူးပြုရန်၊ ကျေးဇူးတော်ပို၍ပေးရန်၊ “မိုး” ပို၍ပေးရန် ကိုယ်တော်ကို တောင်းဆိုရမည်ဖြစ်သည် - ဇာ၊၁၀း၁။ ၁၂း၁၀။ ယေဇ၊၃၄း၂၆။
   b. သိုးထိန်းအဖြစ် သခင်ဘုရားအားဖြင့် လည်ပတ်ကြည့်ရှုခံရပြီးနောက် ဘုရား၏လူများအကြား အားနည်းသော သိုးများအားလုံးသည် ဘုန်းတန်ခိုးကြီးသောမြင်းဖြစ်လာကြသည် - ဇာ၊၁၀း၃။ ညွှန်း၊ ၉း၁၃၊ ၁၆။ ဒံ၊၁၁း၃၂ခ။
   c. ကျွန်ုပ်တို့၏နံနက်ခင်းနိုးကြားရေးအချိန်အတွင်း သခင်ဘုရားသည် ကျွန်ုပ်တို့ထံ တိုးညှင်းစွာပြောခြင်း၊ ကျွန်ုပ်တို့ကို ခေါ်ခြင်း၊ ကိုယ်တော်ထံသို့ ကျွန်ုပ်တို့ကို စုစည်းစေခြင်း ပြုလေ့ရှိသည်။ သခင်ဘုရား၏တိုးညှင်းပြောဆိုသံသည် စူးစူးဝါးဝါးအသံမဟုတ်ဘဲ၊ နူးညံ့သော၊ညင်သာသော ငှက်သီကျူးသံကဲ့သို့သောအသံဖြစ်သည် - ဇာ၊၁၀း၈။
   d. သခင်ဘုရား ကျွန်ုပ်တို့ကို ကိုယ်တော်ကိုယ်တိုင်၌ ခွန်အားခိုင်ခံ့စေသည်၊ သို့မှသာ ကျွန်ုပ်တို့သည် ကိုယ်တော်၏ နာမတော်၌ လျှောက်လှမ်းသွားလာနိုင်မည်ဖြစ်သည် - အငယ်၊၁၂။ ကော၊၃း၁၇။

**VI. လူ၏သမိုင်း၌ ဘုရားဆိုင်ရာသမိုင်းအဖြစ် ဘုရားသခင်၏လှုပ်ရှားခြင်းနှင့်အတူ ဖန်ဆင်းခြင်းအသစ် - စိတ်နှလုံးအသစ်၊ ဝိညာဉ်အသစ်၊ အသက်သစ်၊ သဘောသဘာဝအသစ်၊ သမိုင်းအသစ်၊ ပြီးမြောက်ပြည့်စုံခြင်းအသစ်တို့နှင့်အတူ လူသစ် ရှိနေသည်။ ကျွန်ုပ်တို့သည် ဘုရားဆိုင်ရာသမိုင်း၌ ရှိကြကာ၊ ကျွန်ုပ်တို့၏ ရှင်သန်သောကယ်တင်ခြင်းအတွက် နက်နဲသော ဘုရားဆိုင်ရာ အရာများကို တွေ့ကြုံခံစားခြင်း၊ မွေ့လျော်ဝမ်းမြောက်ခြင်းရှိရသောကြောင့် သခင်ဘုရားကို ချီးမွမ်းပါသည်၊ ထိုသို့ဖြင့် ကျွန်ုပ်တို့သည် ကိုယ်တော်ကို ပြန်ကြွလာစေရန် ကိုယ်တော်၏အောင်မြင်သော သတို့သမီးဖြစ်လာခြင်း၌ ကျွန်ုပ်တို့ကိုယ်ကို အဆင်သင့်ဖြစ်စေနိုင်ကြမည်ဖြစ်သည် - ဓမ္မသီချင်း -၁၆။ ရော၊၅း၁၀၊ ၁၇-၁၈၊ ၂၁။ ၆း၄။ ယေဇ၊၃၆း၂၆။ ၂ကော၊၃း၁၆-၁၈။ မ၊၅း၈။ တိတု၊၃း၅။ ဧ၊၅း၂၆-၂၇။ ၆း၁၇-၁၈။ ဗျာ၊၁၉း၇။ မ၊၂၄း၄၄။ ၂၅း၁၀။**

*© 2022 Living Stream Ministry*